**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ကြေညာချက်အမှတ်၊ ၁၁ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**

**( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ လ ၁၃ ရက် )**

**အကြောင်းအရာ။** **ကြော်ငြာစာအမှတ်၊ (၂/၂၀၂၀)နှင့် ကြော်ငြာစာအမှတ်(၅/၂၀၂၁) တို့အတွက် ရေးဖြေစာမေးပွဲများတစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/တတိယအတွင်းဝန် (**အမျိုးသား/အမျိုးသမီး**) ရာထူး (၂၀)နေရာအတွက် ၃၁-၁-၂၀၂၀ ရက်စွဲပါ ကြော်ငြာစာအမှတ်၊ (၂/၂၀၂၀)ဖြင့် လျှောက်လွှာခေါ်ယူခဲ့ရာ ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေမှုအခြေအနေအရ ဒေသဖြတ်ကျော်သွားလာမှု အကန့်အသတ်များရှိနေခြင်းကြောင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရေးဖြေစာမေးပွဲများကျင်းပပြုလုပ်စစ်ဆေးခြင်းကို ခေတ္တဆိုင်းငံ့ခဲ့ပါသည်။

၂။ **ယခင်က** ကြော်ငြာစာအမှတ်၊ (၂/၂၀၂၀)ဖြင့် ခေါ်ယူထားသည့် ဌာနစုမှူး(၂)/ တတိယအတွင်းဝန်(**အမျိုးသား/အမျိုးသမီး**)**လစ်လပ်**ရာထူး(၂၀)နေရာအတွက် လျှောက်ထားပြီးသူများသည် ယခု ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၃၁-၈-၂၀၂၁ နှင့် ၁-၉-၂၀၂၁ ရက်နေ့များတွင် **ကြေးမုံ၊ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာတို့၌ ထည့်သွင်းကြေညာခဲ့သည့်** နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ ဌာနစုမှူး(၂)/တတိယအတွင်းဝန် (**အမျိုးသား/ အမျိုးသမီး**) ရာထူး (၁၅)နေရာအတွက် လျှောက်လွှာခေါ်ယူထားသော ကြော်ငြာစာအမှတ်၊ (၅/၂၀၂၁)တွင် **ထပ်မံလျှောက်ထားရန်မလိုပါကြောင်းနှင့် အဆိုပါလစ်လပ်ရာထူး(၂၀)နေရာကို လျှောက်ထားပြီးသူများသည် ကြော်ငြာစာအမှတ်၊(၅/၂၀၂၁)အတွက် ရေးဖြေစာမေးပွဲကျင်းပမည့် ၂၇ - ၁၁ - ၂၀၂၁ ရက်(စနေနေ့) နှင့် ၂၈-၁၁-၂၀၂၁ ရက်(တနင်္ဂနွေနေ့)တို့တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း** အသိပေးကြေညာအပ်ပါသည်။